


## စည်းကမ်းလိုက်နာမှုနှင့် အသိပညာပေး ဌာနခွဲ (DOCE)

စည်းကမ်းလိုက်နာမှုနှင့် အသိပညာပေး ဌာနခွဲ (DOCE) (ယခင်က လူဝင်မှုကြီးကြပ်ရေး မူဝါဒများနှင့် ကိစ္စရပ်များဌာနခွဲဟု သိထားသည်) သည် အလုပ်သမားဦးစီးဌာန၏ ဝန်ဆောင်မှုများ၊ အစီအစဉ်များနှင့် အကာအကွယ်များကို အလုပ်သမားအားလုံး ရရှိနိုင်ကြောင်း သေချာစေရန် ဆောင်ရွက်ပါသည်။ ၎င်းတွင် အခြားနိုင်ငံများမှ New York ပြည်နယ်သို့ ရွှေ့ပြောင်းလာသူများနှင့် အင်္ဂလိပ်မဟုတ်သော အခြားဘာသာစကားများကို ပြောဆိုသူများဖြင့် တိုးပွားလာသော လုပ်စုများလည်း ပါဝင်သည်။

## ကမ်းလင့်ထောက်ကူမှု

DOCE သည် ရွှေ့ပြောင်းနေထိုင်သူများ၊ ဒုက္ခသည်များနှင့် အင်္ဂလိပ်စကား သင်ယူသူများအား လုပ်ငန်းခွင် အခွင့်အရေးများအကြောင်း အသိပေးသည်။ ကျွန်ုပ်တို့သည် New York ပြည်နယ် အလုပ်သမားဦးစီးဌာန (NYSDOL) က ကမ်းလှမ်းသည့် အကူအညီအကြောင်းကို ၎င်းတို့အား ပြောပြသည်၊ ဥပမာ-

- မပေးချေရသေးသော လုပ်အားခများ၊ အချိန်ပိုနှင့် အခြားအကျိုးခံစားခွင့်များဆိုင်ရာ အရေးယူဆောင်ရွက်မှု
- အလုပ်လက်မဲ့ အာမခံနှင့်ပတ်သက်သော အချက်အလက်များ
- အလုပ်ရှာဖွေရေး အကူအညီနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အကူအညီ
- အကူအညီအတွက် အခြားအစိုးရဌာနများ၊ အဖွဲ့များနှင့် ချိတ်ဆက်မှုများ
- လူကုန်ကူးခြင်းနှင့်ပတ်သက်သော အချက်အလက်များ

DOCE သည် အောက်ပါတို့နှင့်ပတ်သက်၍ အသေးစားလုပ်ငန်းပိုင်ရှင်များကိုလည်း အသိပညာပေးသည်-

- အလုပ်အကိုင်ဥပဒေများ
- ၎င်းတို့၏ တရားဝင်တာဝန်များ
- ၎င်းတို့ကို ကူညီနိုင်သည့် အလုပ်သမားဦးစီးဌာန အရင်းအမြစ်များ
- လူကုန်ကူးခြင်း

## မူဝါဒများနှင့် ဥပဒေများ

DOCE သည် New York ပြည်နယ် အလုပ်သမားဦးစီးဌာနက ရွှေ့ပြောင်းနေထိုင်သူများ၊ ဒုက္ခသည်များနှင့် အင်္ဂလိပ်သာသာစကား သင်ယူသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြောင်း သေချာစေရန် လုပ်ဆောင်သည်။ NYSDOL မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေများက ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းများအပေါ် သက်ရောက်ပုံကို ကျွန်ုပ်တို့ ပြန်လည်သုံးသပ်သည်။

## ရာဇဝတ်မှု ကျူးလွန်ခံရသူများ

လူကုန်ကူးမှုနှင့် အဓမ္မစေခိုင်းမှုသည် ရွှေ့ပြောင်းနေထိုင်သူများ၊ ဒုက္ခသည်များနှင့် အင်္ဂလိပ် ဘာသာစကား သင်ယူသူများအပါအဝင် New York ပြည်နယ်တွင် နေထိုင်သူများအား ခေါင်းပုံဖြတ်အမြတ်ထုတ်သည့် ရာဇဝတ်မှုများ ဖြစ်သည်။ DOCE သည် ပြည်နယ်တစ်ဝန်းတွင် ထိုရာဇဝတ်မှုများကို တိုက်ဖျက်နိုင်ရန် ကူညီပေးသည်။ ရာဇဝတ်မှုကျူးလွန်ခံရသူများအား ပြည်နယ်၏ ရာဇဝတ်မှုဆိုင်ရာ ဥပဒေများအရ ၎င်းတို့ခံစားခွင့်ရှိသည့် ဝန်ဆောင်မှုများ ရရှိရန် ကူညီပေးနိုင်သည့် ပြည်နယ်အစိုးရဌာနများသို့လည်း လွှဲပြောင်းပေးသည်။

အချို့သော ရာဇဝတ်မှု ကျူးလွန်ခံရသူများသည် အထူးဗီဇာများအတွက် ဖက်ဒရယ်အစိုးရထံ လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားနိုင်ရန် ၎င်းတို့အား ဥပဒေစိုးမိုးရေး အစိုးရဌာနမှတစ်ဆင့် အသိအမှတ်ပြုရပါမည်။ အလုပ်သမားဦးစီးဌာနအတွင်း DOCE သည် U နှင့် T ဗီဇာထောက်ခံချက်အတွက် လျှောက်လွှာများကို ပြန်လည်သုံးသပ်သည်။

## စိုက်ပျိုးရေး

DOCE သည် New York ပြည်နယ်၏ ကြီးမားပြီး မတူကွဲပြားသော စိုက်ပျိုးရေးလုပ်ငန်းကို ခိုင်မာစေရန် လုပ်ဆောင်ပါသည်။ တစ်ချိန်တည်းတွင် ကျွန်ုပ်တို့သည် စိုက်ပျိုးရေး အလုပ်သမားများအား ၎င်းတို့၏ အခွင့်အရေးများနှင့် အလုပ်သမားဦးစီးဌာနမှတစ်ဆင့် ရရှိနိုင်သော ဝန်ဆောင်မှုများအကြောင်း အသိပညာပေးသည်။ အလုပ်ရှင်များကို အလုပ်သမား ဥပဒေများ လိုက်နာရာတွင် ကူညီပေးရန်အတွက် ကျွန်ုပ်တို့သည် စိုက်ပျိုးရေးခြံများသို့ သွားရောက်ပါသည်။ ကျွန်ုပ်တို့သည် ၎င်းတို့၏ အလုပ်သမား လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အရည်အချင်းပြည့်မီသော စိုက်ပျိုးရေး အလုပ်သမားများကို ရှာဖွေရာတွင်လည်း ကူညီပေးပါသည်။ DOCE သည် H-2A လျှောက်လွှာများကို စီမံဆောင်ရွက်ပြီး အိမ်ရာစစ်ဆေးမှုများ လုပ်ဆောင်ကာ စပိန်ဘာသာဖြင့် အင်တာဗျူးသည့် အကူအညီပေး၍ H-2A စာချုပ်များကို စည်းကမ်းလိုက်နာမှုရှိကြောင်း သေချာစေရန် အမေရိကန်ပြည်ထောင်စု အလုပ်သမားဦးစီးဌာနကို ကူညီဆောင်ရွက်ပေးသည်။

## DOCE ကို ဆက်သွယ်ရန်

ဖုန်းနံပါတ်- **877-466-9757 (877- IMM-WRKR)**

အီးမေးလ်- **doce@labor.ny.gov**

ဝက်ဘ်ဆိုက်- **www.labor.ny.gov**

နယူးယောက် ပြည်နယ် အလုပ်သမားဦးစီးဌာနသည် တန်းတူညီမျှ အခွင့်အရေးပေးသည့် အလုပ်ရှင်/အစီအစဉ်တစ်ခု ဖြစ်သည်။ မသန်စွမ်းသူများအတွက် အထောက်အကူပြု အကူအညီများနှင့် ဝန်ဆောင်မှုများကို တောင်းဆိုရယူနိုင်ပါသည်။

P740BR (2/24)